**MPT စည်းကမ်းသတ်မှတ်ချက်များ – အလိုအလျောက်သက်တမ်းတိုး ထောဘီ၅ဆ**

ဤစာမျက်နှာသည် **အလိုအလျောက်သက်တမ်းတိုး ထောဘီ၅ဆ**
(“**ပရိုမိုးရှင်း**”) တွင် ပါဝင်ရာ၌ လူကြီးမင်း လိုက်နာရန် သဘောတူ ရမည့် စည်းကမ်းချက်များကို ရှင်းလင်းဖော်ပြထားပါသည်။ ပရိုမိုးရှင်းကို မြန်မာ့ ဆက်သွယ် ရေးလုပ်ငန်း (“MPT”, “**ကျွန်ုပ်တို့**”, “**ကျွန်ုပ်တို့ကို**”, “**ကျွန်ုပ်တို့၏**”) ၏ ဝန်ဆောင်မှုများ မှတစ်ဆင့် ရယူနိုင်ပါသည်။

ပရိုမိုးရှင်းတွင် ပါဝင်ခြင်းဖြင့် လူကြီးမင်းသည် ဤစည်းကမ်း သတ်မှတ်ချက်များနှင့် ၎င်းတို့နှင့် ဆက်စပ် သည့် အခြားသောသက်ဆိုင်ရာ စည်းမျဥ်းများ၊ မူဝါဒများ နှင့် စည်းကမ်းချက်များ (စုပေါင်း၍ “**စည်းကမ်းချက်များ**” ဟု ခေါ်ဆိုရန်) ကိုဖတ်ရှု၊ နားလည်ကြောင်း နှင့် ၎င်းတို့ကို လိုက်နာဆောင်ရွက်ရန် သဘောတူကြောင်း သဘောဆောင်ပါသည်။

စည်းကမ်းချက်များသည် အချိန်အခါမရွေးပြောင်းလဲမှုရှိနိုင်ပါသည်။ ထိုကဲ့သို့သောပြောင်းလဲမှုတစ်ရပ်ရပ် ပြုလုပ်ပြီးနောက် လူကြီးမင်း၏ ပရိုမိုးရှင်းတွင် ဆက်လက်ပါဝင်ခြင်းသည်ပြောင်းလဲပြီးဖြစ်သော စည်း ကမ်း ချက်များကို လူကြီးမင်းအနေဖြင့် လက်ခံခြင်း မြောက်ပါသည်။

## ၁။ ပရိုမိုးရှင်း

၁.၁ စည်းကမ်းချက်များတွင် လူကြီးမင်းအား အတိအလင်း အပ်နှင်းထားခြင်းမရှိသည့် အခွင့်အရေး အားလုံးကို ကျွန်ုပ်တို့က သို့မဟုတ် ကျွန်ုပ်တို့၏ အသုံးပြုခွင့်ပေးသူများ၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ အခွင့်အရေးကိုင်ဆောင်သူများနှင့် အခြားသော အကြောင်းအရာပံ့ပိုးသူများက သီးသန့် ရယူထိန်းသိမ်းထားပါသည်။ လူကြီးမင်းအနေဖြင့် စည်းကမ်းချက်များနှင့် ဥပဒေတွင် ခွင့်ပြုသည့်အတိုင်းသာ ပရိုမိုးရှင်းတွင်ပါဝင်နိုင်ပြီး အခြားသောအသုံးပြုခံစားမှုအားလုံးကို တင်း ကျပ်စွာ တားမြစ်ထားပါသည်။

၁.၂ MPT သည် MPT ၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် အကြောင်းပြချက်တစ်ရပ်ရပ် သို့မဟုတ် အကြောင်းပြချက်မရှိဘဲ လူကြီးမင်း၏ ပရိုမိုးရှင်းအားရယူမှု သို့မဟုတ် ၎င်းတွင်ပါဝင်မှုအား အကြောင်းကြားမှုနှင့် တာဝန်မရှိဘဲ အမြဲတမ်း သော်လည်းကောင်း၊ ယာယီသော်လည်းကောင်း ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် အခြားနည်းဖြင့် ခွင့်ပြုရန်ငြင်းပယ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ထိုသို့ပြုလုပ်သည့်အခါတွင် စည်းကမ်းချက်များသည် ဤတွင် ဖော်ပြထားသော ဆက်လက် တည်ရှိနေမည့်စည်းကမ်းချက်များကို ဖြည့်ဆည်းရန် လိုအပ်သောအတိုင်းအတာအထိ လူကြီး မင်းအပေါ် ဆက်လက်စည်းနှောင်မှုရှိရမည်။

၁.၃ လူကြီးမင်း၏ ပရိုမိုးရှင်းတွင်ပါဝင်မှုသည် ကြိုတင်စီစဉ်ထားသောနှင့် ကြိုတင်စီစဉ်ထားခြင်းမရှိ သော ဝန်ဆောင်မှု အဆက်ပြတ်ခြင်းများပေါ် မူတည်နိုင်သည်။ ပရိုမိုးရှင်း၏ အဆက်ပြတ်ခြင်း၊ (စီစဉ်ထားသည်ဖြစ်စေ၊ စီစဉ်မထားဘဲဖြစ်စေ) ချို့ယွင်းမှုဖြစ်ပေါ်ခြင်း သို့မဟုတ် မဝင်ရောက် နိုင်ခြင်း

တစ်ခုခုအတွက် MPT သည် လူကြီးမင်းအပေါ် သို့မဟုတ် မည်သည့်တတိယပုဂ္ဂိုလ်များ အပေါ်မဆို တာဝန်ရှိမည် မဟုတ်သည်ကို လူကြီးမင်းအနေဖြင့် သဘောတူပါသည်။

၁.၄ လူကြီးမင်း၏ ပရိုမိုးရှင်းတွင်ပါဝင်မှု သို့မဟုတ် အလွဲသုံးစားပြုမှု၊ လူကြီးမင်း၏ အခြားအသုံးပြု သူများနှင့် မည်သည့်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများအတွက်မဆို သို့မဟုတ် ပရိုမိုးရှင်း နှင့်စပ်လျဉ်း၍ လူကြီးမင်း၏ အခြားဆောင်ရွက်မှု သို့မဟုတ် လိုက်နာရန်ပျက်ကွက်မှု တစ်ရပ်ရပ် အတွက် MPT တွင် တာဝန်မရှိစေရ။

## ၂။ ကျွန်ုပ်တို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများ

**အလိုအလျောက်သက်တမ်းတိုး ထောဘီ၅ဆ** သို့မဟုတ် အခြားတတိယပုဂ္ဂိုလ်တစ်ဦးဦးမှ အခြားနည်းဖြင့် တရားသဖြင့် ပိုင်ဆိုင်ခြင်းမှ လွဲ၍ သက်ဆိုင်မှုရှိသည့်အတိုင်း ဤ ပရိုမိုးရှင်း နှင့်စပ်လျဉ်းသော ဆော့ဖ်ဝဲ၊ ရုပ်ပုံများ၊ စာသား၊ ဂရပ်ဖစ် များ၊ သရုပ်ဖော်မှုများ၊ လိုဂိုများ၊ တီထွင်မှုမူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှု အမှတ် တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဓာတ်ပုံများ၊ အသံ၊ ဗီဒီယိုများ၊ ဂီတနှင့် အကြောင်းအရာ အပါအဝင် ၎င်းတို့ချည်းသာ မဟုတ်သော (စုပေါင်း၍ “အကြောင်းအရာ”) MPT ၏ ပိုင်ဆိုင်မှုအချက်အလက် တစ်ခုခုနှင့် ၎င်းတို့နှင့် သက်ဆိုင်သော ဉာဏပစ္စည်းအခွင့်အရေးများ အားလုံးမှာ MPT နှင့် ၎င်း၏ အသုံးပြုခွင့်ပေးသူများ (licensors)၊ ထောက်ပံ့သူများ၊ ထုတ်ဝေသူများ၊ မူပိုင်ခွင့်ကိုင်ဆောင်သူများ၏ သီးသန့်ပစ္စည်းဖြစ်သည်။ ဤတွင်အတိအလင်း ဖော်ပြထားသည်မှလွဲ၍ ဤစည်းကမ်းချက်၏ မည်သည့် အရာကမျှ ဉာဏပစ္စည်းဆိုင်ရာအခွင့်အရေးများ တစ်ခုခုတွင်ရှိသော သို့မဟုတ် ထိုအောက်တွင်ရှိသော အသုံး ပြုခွင့်တစ်ခု သို့မဟုတ် အခွင့်အရေးတစ်ခု ဖန်တီးသည်ဟု မမှတ်ယူရ။ ပရိုမိုးရှင်းတွင် ဝင်ရောက် အသုံးပြုနိုင်သော အချက်အလက်များတစ်ခုခု သို့မဟုတ် အကြောင်းအရာတစ်ခုခုမှ ဆင့်ပွားရရှိလာ သော လက်ရာများကို ရောင်းချခြင်း၊ အသုံးပြုခွင့်ပေးခြင်း၊ ငှားရမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖြန့်ချိခြင်း၊ ကူးယူခြင်း၊ ဆင့်ပွားကူးယူခြင်း၊ ထုတ်လွှင့်ခြင်း၊ လူအများ မြင်သာစေရန် ပြသခြင်း၊ လူအများ မြင်သာစေရန် ဖျော်ဖြေခြင်း၊ ထုတ်ဝေခြင်း၊ သင့်လျော်သလို ပြင်ဆင် အသုံးပြုခြင်း၊ တည်းဖြတ်ခြင်း သို့မဟုတ် ဖန်တီးခြင်းများကို သင့်အနေဖြင့် မပြုလုပ်ရန် သဘောတူပါသည်။ စည်းကမ်းချက်များမှ အတိအလင်း ခွင့်ပြုမထားသော မည်သည့်ရည်ရွယ် ချက်အတွက်မဆို အကြောင်းအရာအား အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

## ၃။ ပရိုမိုးရှင်းကာလ

ပရိုမိုးရှင်းကာလမှာ **ထပ်မံမကြေညာမီအချိန်အထိ**

## ၄။ ပါဝင်နိုင်သူများ

၄.၁ သီးသန့်ရည်ရွယ်ပါသည်။ MPT ဖုန်းများ၏ GSM/WCDMA Prepaid စနစ် (ဆွေသဟာ) အစီအစဉ်အသုံးပြုသူများအားလုံး အသုံးပြုနိုင်ပါမည်။ အကယ်၍ သင်သည် အသက်ဆယ့်ရှစ် (၁၈)နှစ်အောက်ဖြစ်ပြီးနှင့် SMS ရရှိသည့်အပြင် အုပ်ထိန်းမှုအောက်မှ ကင်းလွတ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သူ ဥပဒေအရ မိဘ အုပ်ထိန်းမှု သို့မဟုတ် အုပ်ထိန်းသူခွင့်ပြုချက် ရရှိထားပြီး စည်းကမ်းချက်များတွင် ဖော်ပြထားသည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ၊ တာဝန်များ၊ ကတိပြုခြင်းများ၊ ကိုယ်စားပြုခြင်းများနှင့် အာမခံ ခြင်းများကို သဘောတူညီရန်နှင့် စည်းကမ်းချက်များကို လိုက်နာရန် စွမ်းဆောင်ရည်နှင့် အရည်အချင်း အပြည့်အဝရှိမှသာ ပရိုမိုးရှင်းတွင် ပါဝင်နိုင်ပါသည်။

၄.၂ CDMA၊ Postpaid၊ Base Tariff နှင့် လက်ရှိအသုံးပြုခြင်းမရှိသောသူများ အသုံးပြုနိုင်မည်မဟုတ်ပါ။

## ၅။ ဝယ်ယူရန်

၅.၁ အလိုအလျောက်သက်တမ်းတိုး ထောဘီ ၅ဆပက်ကေ့ချ်များကိုသတ်မှတ်ထားသော USSD code ကို ခေါ်ဆို၍ဝယ်ယူနိုင်ပါသည်။

| **အလိုအလျောက် သက်တမ်းတိုးပက်ကေ့ချ် သက်တမ်း** | **ပက်ကေ့ချ်ဈေးနှုန်း** | **ထောဘီ ၁၀ဆ ဖုန်းဘေလ်** | **ဝယ်ယူရန် (Direct USSD)** | **SMS to 1331** | **အခြား channels** |
|---|---|---|---|---|---|
| 15 days | 980 Ks | 5,000 Ks | *500*1*3# | AR 5X1 | **DMS (*501#) (or) Alternative Channel (or) Chatbot (or) MPT4U App (or) MPT Pay (or) CRM Portal (or) DMS App** |
| 30 days | 1,960 Ks | 10,000 Ks | *500*2*3# | AR 5X2 | |
| 60 days | 4,900 Ks | 25,000 Ks | *500*3*3# | AR 5X3 | |

၅.၂ ထောဘီ ၅ဆပက်ကေ့ချ်ကိုဝယ်ယူပြီး ဖုန်းဘေလ်ကို (၅)ဆ ပြောင်းနိုင်သည်။

၅.၃ လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲအခြားသော နှုန်းထားပိုမြင့်သည့် အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များကို ထပ်မံဝယ်ယူနိုင်ပြီး နှုန်းထားပိုနည်းသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

| **Auto Renew 5x Htaw B Packs** | **980 Ks** | **1960 Ks** | **4900 Ks** |
|---|---|---|---|
| **980 Ks** | Y | Y | Y |
| **1960 Ks** | N | Y | Y |
| **4900 Ks** | N | N | Y |

Y: လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်များအား UNSUBSCRIBE ပြုလုပ်ရန် မလိုအပ်ပဲ ထပ်မံဝယ်ယူနိုင်ပါသည်။

N: ထပ်မံဝယ်ယူရန် လက်ရှိဝယ်ယူထားသော အလိုအလျောက်သက်တမ်းတိုးပက်ကေ့ချ်ကို UNSUBSCRIBE လုပ်ပေးရန်လိုအပ်ပါသည်။

၅.၄ အောက်ပါအခြေအနေများတွင် အလိုအလျောက်သက်တမ်းတိုးဝယ်ယူပါမည်။

a. ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန် (11:45 pm ~ 12:00 am) ဝန်းကျင် (or)

b. ပက်ကေ့ချ်သက်တမ်းမကုန်ဆုံးခင် ပက်ကေ့ချ်၏ လက်ကျန်ထောဘီ balance 500Ks အောက်ရောက်ရှိသွားချိန်

**၆။ Balance အသုံးပြုပုံ နှင့် အထူးခံစားခွင့်များ**

၆.၁ ထောဘီ ၅ဆ ဖုန်းဘေလ်ကို အောက်ပါနှုန်းထားများဖြင့် ကျသင့်ကောက်ခံသွားမည်ဖြစ်ပါသည်။

ဒေတာ - 18 Ks/MB

MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်း- 79 Ks/min

MPT ဖုန်းများသို့စာတိုပေးပို့ခြင်း - 20 Ks/SMS

၆.၂ ထောဘီ ၅ဆ ဖုန်းဘေလ်ဖြင့် data ပက်ကေ့ချ်၊ voice ပက်ကေ့ချ်၊ အခြားပက်ကေ့ချ်များမဝယ်ယူနိုင်ပါ။

၆.၃ ထောဘီ ၅ဆ ဖုန်းဘေလ်ကို လွှဲပြောင်းမှုမပြုလုပ်နိုင်ပါ။ ပုံမှန်ဖုန်းဘေလ်နှင့် ပြန်လည်လဲလှယ်ခြင်းမပြုလုပ်နိုင်ပါ။

၆.၄ Carry Over Function မပါရှိပါ။ လက်ကျန်ထောဘီ Balance များကို ပက်ကေ့ချ် သက်တမ်းကုန်ဆုံးသည့်အချိန်တွင် ဆက်လက်အသုံးမပြုနိုင်ပါ။

၆.၅ ထောဘီဖုန်းဘေလ် (၅ဆ) နှင့် ထောဘီ ၁၀ဆ ဖုန်းဘေလ်များကို ပေါင်းစည်းအသုံးပြုနိုင်မည်မဟုတ်ပါ။

၆.၆ အလိုအလျောက်သက်တမ်းတိုး ထောဘီ ၅ဆ ပက်ကေ့ချ်များ ဝယ်ယူတိုင်း အောက်ဖော်ပြပါ အကြိမ်ရေအတိုင်း **ထိပေါက်ကစားဖို့ အခွင့်အရေး** ရရှိမှာဖြစ်ပါတယ်။

a)အလိုအလျောက်သက်တမ်းတိုး Htaw B 5X ပက်ကေ့ချ်များကို မည်သည့် **channel** မှမဆို ဝယ်ယူပါက ထိပေါက်ကစားဖို့ အခွင့်အရေး **(၁)ကြိမ်** ရရှိမှာဖြစ်ပြီး "ထိတိုင်းထော/ ထောဘီထိပေါက်" ဂိမ်းသွားရောက်ကစားကာ 200GB အထိ ကံစမ်းရယူနိုင်ပါသည်။

b) MPT4U app မှ ဝယ်ယူခြင်းဖြင့် ထပ်ဆောင်းထိပေါက်ကစားခွင့် **(၁)ကြိမ်**ရရှိမှာဖြစ်ပြီး (သို့) အလိုအလျောက်သက်တမ်းတိုးသည့် အချိန်တိုင်း ထပ်ဆောင်းထိပေါက်ကစားခွင့် **(၂)ကြိမ်**ရရှိနိုင်ပြီး 200GB အထိ နှင့် MPT Club Points 1000 points အထိ ကံစမ်းရယူနိုင်ပါသည်။

c)ထိပေါက်ကစားရန် chance နှင့် ထိပေါက်ဂိမ်း အတွက်သီးခြားသတ်မှတ်ထားသည့် စည်းမျဥ်းစည်းကမ်းများကိုဖော်ပြပါ https://www.mpt.com.mm/en/home/promotion/hti-tine-htaw-en/ မှတဆင့်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၆.၇ Gift Function မပါဝင်ပါ။

## ၇။ ကျသင့်ငွေကောက်ခံမှု

၇.၁ စဥ်ဆက်မပြတ်ဝယ်ယူရန်လိုအပ်ပါသည်။ unsubscribe (ပယ်ဖျက်) မပြုလုပ်မချင်း ပက်ကေ့ချ်၏ တန်ဖိုးအတိုင်း ကျသင့်ငွေကို ကောက်ခံမှာဖြစ်ပါသည်။ အတည်ပြုရွေးချယ်ထားတဲ့ ပက်ကေ့ချ်ပေါ်မူတည်၍ မည်သည့် ကုန်ကျစရိတ်ကို မဆို သုံးစွဲသူတွင် တာဝန်ရှိသည်။

၇.၂ လုံလောက်သောဖုန်းဘေလ်ကို ကြိုတင်ဖြည့်သွင်းရန်

a. ပက်ကေ့ချ်သက်တမ်းကုန်ဆုံးချိန် (သို့)

b. ပက်ကေ့ချ်သက်တမ်းမကုန်ဆုံးခင် ပက်ကေ့ချ်၏ လက်ကျန်ထောဘီ balance 1000Ks အောက်ရောက်ရှိသွားချိန်

၇.၃ အလိုအလျောက် သက်တမ်းတိုး ထောဘီ၅ဆ နှင့် ထောဘီ၁၀ဆ ဝယ်ယူထားပြီး တူညီသောနေ့ရက်တွင် အလိုအလျောက်သက်တမ်းတိုးရမည်ဖြစ်ပါက MPT မှ ပက်ကေ့ချ်နှစ်ခုလုံးစာကို ကျသင့်ကောက်ခံမှာဖြစ်ပြီး ပက်ကေ့ချ်နှစ်မျိုးလုံးကိုတပြိုင်နက်တည်းအလိုအလျောက်သက်တမ်းတိုးပေးမှာ ဖြစ်ပါသည်။

a. လက်ကျန်ဖုန်းဘေလ် လုံလောက်စွာရှိနေမယ်ဆိုရင် ပက်ကေ့ချ် နှစ်ခုလုံးသည် တပြိုင်နက်တည်း သက်တမ်းတိုးမှာဖြစ်ပါသည်။

b. လက်ကျန် ဖုန်းဘေလ်သည် ပက်ကေ့ချ်တစ်ခုစာသာကျန်ရှိပါက တရားမျှတစွာဖြင့် ကျပန်းစနစ်ဖြင့် ပက်ကေ့ချ်တစ်ခုကိုသက်တမ်းတိုးမှာဖြစ်ပါသည်။ MPT ၏ဆုံးဖြတ်ချက်သည် သာအတည်ဖြစ်သည်။

၇.၄ အလိုအလျောက်ပက်ကေ့ချ်သက်တမ်းတိုးဖို့ ငွေလက်ကျန်မလုံလောက်ပါက Auto renewal service သည် ခေတ္တရပ်တန့်သွားမှာဖြစ်သည်။ ပက်ကေ့ချ်သက်တမ်းကုန်ဆုံးပြီး (၇ရက်)အတွင်း သုံးစွဲသူမှ ဖုန်းငွေဖြည့်ခြင်း/ ချေးငွေအသုံးပြုခြင်း/ ငွေလွှဲခြင်း နည်းလမ်းများဖြင့် ငွေထပ်မံဖြည့်သွင်းသည်နှင့် ပက်ကေ့ချ်ကျသင့်ငွေကို ငွေဖြည့်ပမာဏမှ အလိုအလျောက်ကျသင့်ကောက်ခံမှာဖြစ်ပြီး ပက်ကေ့ချ်ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

၇.၅ MPT မှ ငွေလက်ကျန်မလုံလောက်သော အသုံးပြုသူများကို ပက်ကေ့ချ် သက်တမ်းကုန်ဆုံးပြီး (၇)ရက်တိုင်အောင် ပက်ကေ့ချ် သက်တမ်းတိုးရန် စောင့်ပေးမှာ ဖြစ်ပါသည်။ သုံးစွဲသူမှ ပက်ကေ့ချ် သက်တမ်းကုန်ဆုံးပြီးနောက် (၇) ရက်တိုင်အောင် ငွေထပ်မံဖြည့်သွင်းခြင်း မရှိပါက Auto Renewal Function ကို ဆက်လက် အသုံးမပြုနိုင်တော့ပါ။ MPT မှ အလိုအလျောက် သက်တမ်းတိုး ပက်ကေ့ချ်ကို ရပ်တန့်မှာဖြစ်ပြီး SMS ပို့၍ အကြောင်းကြားပေးမှာဖြစ်ပါသည်။

၇.၆ ပက်ကေ့ချ်ကို အောက်ဖော်ပြပါ Channels မှ တစ်ဆင့် ပယ်ဖျက်နိုင်ပါသည်။

| **အလိုအလျောက် သက်တမ်းတိုးပက်ကေ့ချ် သက်တမ်း** | **ပက်ကေ့ချ်ကိုပယ်ဖျက်ရန် (USSD Code)** | **ပက်ကေ့ချ်ကိုပယ်ဖျက်ရန်** |
|---|---|---|
| 15 days | *500*1*4# | MPT4U App |
| 30 days | *500*2*4# | |
| 60 days | *500*3*4# | |

၇.၇ သုံးစွဲသူသည် ဝန်ဆောင်မှုကို ပယ်ဖျက်သည်နှင့်

a. လက်ကျန် 5X Htaw B Balance ကျန်ရှိနေလျှင် ကျန်ရှိနေသော balance ကို ပက်ကေ့ချ်သက်တမ်းကုန်ဆုံးသည်အထိအသုံးပြုနိုင်ပါသည်။

b. MPT သည် သင်၏အကောင့် မှ ငွေကြေးထပ်မံကောက်ခံမည်မဟုတ်ပါ။

c. Auto renewal function ကို အသုံးမပြုနိုင်တော့ပါ။

၇.၈ အင်တာနက် အသုံးပြုခြင်းနှင့် ဒေါင်းလုတ်ဆွဲခြင်းတို့အတွက် ဒေတာကျသင့်မှုရှိမည်။ ပရိုမိုးရှင်းသည် အင်တာနက်အသုံးပြုခအတွက် ကုန်သွယ်ခွန် ၁၅%နှင့် ဖုန်းခေါ်ဆိုခနှင့် စာတိုအသုံးပြုခအတွက် ကုန်သွယ်ခွန် ၅% ပါဝင်ပြီးဖြစ်သည်။

၇.၉ သုံးစွဲသူမိုဘိုင်းအင်တာနက်မျှဝေနေသော မည်သည့်တတိယအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များအတွက်မဆို သုံးစွဲသူ၌သာ တာဝန်ရှိသည်။ သို့သော် ပက်ကေ့ချ် ဝယ်ယူမှုအတွက်ကန့်သတ်ချက်မရှိပါ။

၇.၁၀ ဤသတ်မှတ်ချက်များသည် သုံးစွဲသူ မှ ဝယ်ယူမှုရပ်ဆိုင်းခြင်း (သို့မဟုတ်) ပက်ကေ့ချ်ဝန်ဆောင်မှု ကိုအလိုအလျောက် ရပ်စဲခြင်း ခံရသည်အထိအကျုံးဝင်ပါသည်။

**၈။ သုံးစွဲသူအဖြစ်မှ ထုတ်ပယ်ခြင်း**

MPT သည် ပုံမှန်မဟုတ်သော သို့မဟုတ် မသင်္ကာစရာဖြစ်သော ဆောင်ရွက်မှုများ ပြုလုပ်နေ သည့် သို့မဟုတ် ယင်းတို့နှင့်ဆက်စပ်နေသည်ဟု ၎င်းက သံသယရှိသော ပါဝင်သော တစ်ဦးကို ကြိုတင်အကြောင်းကြားစရာမလိုဘဲ သို့မဟုတ် မည်သည့်အကြောင်းပြချက်မှ ပေးစရာမလိုဘဲ ထုတ်ပယ်နိုင်သည်။

**၉။ Marketing and Promotion**

MPT အနေဖြင့် ပရိုမိုးရှင်းအတွက် လိုအပ်သော သို့မဟုတ် ၎င်းနှင့် ကျိုးကြောင်းဆီလျော်စွာ ဆက်စပ်သော ကိစ္စရပ်များအတွက်လည်းကောင်း MPT ၏ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင် မှုများကို စျေးကွက်ရှာဖွေရန်၊ ကြော်ငြာရန် နှင့်/သို့မဟုတ် အရောင်းမြှင့်တင်ရန် ရည်ရွယ်ချက် များအတွက် ပါဝင်သူများ၏ ဗီဒီယိုများ နှင့်/သို့မဟုတ် ဓာတ်ပုံများကို ကြော်ငြာရန် ရည်ရွယ်ချက်များအတွက် အပါဝင် ပါဝင်သူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ခံခြင်း၊ အသုံးပြုခြင်း၊ ဖွင့်ဟထုတ်ဖော်ခြင်းနှင့် ၎င်းတို့ အကြား ဝေမျှခြင်းတို့ပြုလုပ်ခြင်းနှင့် MPT၏ တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုပေးသူများနှင့် သက်ဆိုင်ရာ တတိယပုဂ္ဂိုလ်များထံ ထိုကဲ့သို့သော ကိုယ်ရေး အချက်အလက်များ ဖွင့်ဟထုတ်ဖော် ခြင်းကို ပါဝင်သူများ အနေဖြင့် သဘောတူညီပြီး ခွင့်ပြုပါသည်။

**၁၀။ တာဝန်ခံမှုမှ ကင်းလွတ်စေခြင်း**

လူကြီးမင်းသည် MPT နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ၊ ပူးတွဲလုပ်ငန်းဆောင်ရွက်သူ၊ အေးဂျင့်များ၊ မန်နေဂျာများ နှင့် အခြားဆက်စပ်ကုမ္ပဏီများ၊ နှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အေးဂျင့်များ၊

အရာထမ်းများ၊ ဒါရိုက်တာများအား (၁) လူကြီးမင်း ထုတ်လွှတ်လိုက်သော သို့မဟုတ် ရရှိသော ဒေတာ သို့မဟုတ် အကြောင်းအရာတစ်ခုခု အပါအဝင် လူကြီးမင်း၏ ပရိုမိုးရှင်းအသုံးပြုခြင်းနှင့် ဝင် ရောက်ခြင်း (၂) ဤတွင်ပါဝင်သော ကိုယ်စားပြု တင်ပြခြင်းများနှင့် အာမခံချက်များတစ်ခုခုကို ချိုးဖောက်ခြင်း အပါအဝင် ယင်းတို့ချည်းသာ မဟုတ်သော စည်းကမ်းချက်များ၏ စည်းကမ်းတစ်ခုခုအား ချိုးဖောက်ခြင်း (၃) ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု အခွင့်အရေး တစ်စုံတစ်ရာ၊ လူတစ်ဦးတစ်ယောက်၏ ကျော်ကြားမှု ကိုယ်ပိုင်လက္ခဏာများအား အလွဲသုံးစားပြုခြင်းကို ကာကွယ်သည့် အခွင့်အရေးများ (Publicity Rights) သို့မဟုတ်၊ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများအပါအဝင် ၎င်းတို့ချည်းသာ မဟုတ် သော တတိယပုဂ္ဂိုလ်အခွင့်အရေးတစ်ခုခုကို လူကြီးမင်းအနေဖြင့် ချိုးဖောက်ခြင်း၊ (၄) လူကြီးမင်း၏ ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော် သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ခုခုကိုချိုးဖောက်ခြင်း၊ (၅) ပရိုမိုးရှင်းမှတစ်ဆင့် လူကြီးမင်း တင်ပြသော သို့မဟုတ် ရရှိသော အချက်အလက်တစ်ခုခု၏ ရလဒ်တစ်ခုကြောင့် တောင်းဆိုမှု သို့မဟုတ် နစ်နာမှုတစ်စုံ တစ်ရာ ဖြစ်ခြင်း သို့မဟုတ် (၆) လူကြီးမင်း၏ ဖုန်းနံပါတ် (စာရင်း သွင်းထားသည်ဖြစ်စေ၊ စာရင်းမသွင်းထား သည်ဖြစ်စေ)၊ ဟန်းဆက်၊ သို့မဟုတ် အခြားသော ကိရိယာမှတစ်ဆင့် အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ ပရိုမိုးရှင်းသို့ ဝင်ရောက်မှုနှင့် အသုံးပြုမှုတို့မှ ပေါ်ပေါက်လာသော တောင်းဆိုမှုများ၊ နစ်နာမှုများ၊ တာဝန်ဝတ္တရားများ၊ ဆုံးရှုံးမှုများ၊ တာဝန်ခံ မှုများ၊ ကုန်ကျမှုများ သို့မဟုတ် ကြွေးမြီနှင့် အသုံးစရိတ်များ (ရှေ့နေခများအပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာမက) တစ်ရပ်ရပ်နှင့် အားလုံးထံမှနှင့် ၎င်းတို့ကိုဆန့်ကျင်၍ ကာကွယ် ပေးရန်၊ တာဝန်ခံမှုမှ ကင်းလွတ်စေရန်နှင့် လွတ်ငြိမ်းစေရန် သဘောတူပါသည်။

## ၁၁။ အာမခံချက်များ၏ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်များနှင့် တာဝန်ခံမှုကန့်သတ်ချက်

၁၁.၁ ပရိုမိုးရှင်းတွင်ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့်အခြားနည်းဖြင့် လူကြီးမင်း အသုံးပြု နိုင်ရန် ပြုလုပ်ထားသော သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲအပါအဝင်)နှင့် အခြားသောဝန်ဆောင်မှုများကို ဤနေရာ၌ “ရှိသည့် အတိုင်း” နှင့် “ရှိနိုင်မည့်အတိုင်း” ရနိုင်သောစနစ်ဖြင့်ပံ့ပိုးခြင်းဖြစ်သည်။ MPT သည် ပရိုမိုးရှင်း လည်ပတ်ခြင်း သို့မဟုတ် ပရိုမိုးရှင်းတွင်ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့် အခြားနည်း ဖြင့် လူကြီးမင်း အသုံးပြုနိုင်ရန်ပြုလုပ်ထားသော ၎င်း၏တိကျမှု အပါအဝင် သတင်း အချက် အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါအဝင်) သို့မဟုတ် အခြားသောဝန်ဆောင်မှုများကို မည်သည့်အမျိုးအစားမဆိုဖြစ်သော အတိအလင်းဖြစ်စေ၊ တိုက်ရိုက်မဟုတ်သည်ဖြစ်စေ ကိုယ်စားပြုတင်ပြခြင်းများ သို့မဟုတ် အာမခံချက်များမပြုလုပ်ပါ။ လူကြီးမင်း၏ ပရိုးမိုးရှင်း အသုံးပြုမှုသည် ဖြစ်ပေါ်လာနိုင်ချေရှိသောအန္တရာယ်ကို မိမိဘာသာ တာဝန်ယူသည်ဟု လူကြီးမင်းက အတိအလင်း သဘောတူပါသည်။

၁၁.၂ MPT သည် လူကြီးမင်း၏ ပရိုမိုးရှင်း အသုံးပြုခြင်း သို့မဟုတ် ပရိုမိုးရှင်းတွင် ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့်အခြားနည်းဖြင့် လူကြီးမင်းအသုံးပြုနိုင်ရန်ပြုလုပ်ထားသော သတင်း အချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲ အပါ အဝင်) သို့မဟုတ် အခြားသော ဝန်ဆောင်မှုများမှ ပေါ်ပေါက်လာသော မည်သည့် အမျိုးအစား မဆို ဖြစ်သည့် တိုက်ရိုက်ဖြစ်သော၊ တိုက်ရိုက်မဟုတ်သော၊ ဆက်စပ်၍ဖြစ်သော၊ ပြစ်ဒဏ်အရ ဖြစ်သော နှင့် / သို့မဟုတ် အကျိုးဆက်အားဖြင့်ဖြစ်သော နစ်နာမှုများအပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု ကန့်သတ်မထားသော နစ်နာမှု တစ်စုံတစ်ရာအတွက် တာဝန်ရှိမည် မဟုတ်ပါ။

၁၁.၃ လူကြီးမင်းအနေဖြင့်အနေဖြင့် ပရိုမိုးရှင်းတွင် ပါဝင်ရာတွင် မည်သည့်အကြောင်း အရင်းကြောင့် ဖြစ်စေ၊ ပရိုမိုးရှင်းနှင့် ဆက်စပ်၍ တိုက်ရိုက်ဖြစ်စေ၊ အကျိုးဆက်အရ ဖြစ်စေ ဖြစ်ပေါ်လာသော မည်သည့်သဘောသဘာဝ သို့မဟုတ် အမျိုးအစားမဆိုရှိသည့် ဆုံးရှုံးမှု၊ ထိခိုက်အနာတရဖြစ်မှု၊ ထိခိုက်မှု သို့မဟုတ် ပေးရန်တာဝန်ရှိမှုနှင့် အကျိုးဆက်များ တစ်ခုခု နှင့်အားလုံးမှသော် လည်းကောင်း၊ MPT ကို ထိုသို့ဖြစ်နိုင်ခြေအား အသိပေးပြီးသည့်တိုင် ပြိုင်ပွဲတွင် ပါဝင်စဉ် အတွင်း သို့မဟုတ် ကံထူးဆုအား အသုံးပြုခံစားခြင်းမှပေါ်ပေါက်လာသော သို့မဟုတ် ၎င်းနှင့် ဆက်စပ်သော မည်သည့် ပုဂ္ဂိုလ်များအပေါ်မဆို ထိခိုက်အနာတရဖြစ်မှု တစ်ရပ်ရပ် သို့မဟုတ် ပိုင်ဆိုင်မှုတစ်ရပ်ရပ်အပေါ် ဖြစ်ပေါ်လာသည့်ထိခိုက်မှုတစ်ရပ်ရပ် အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု ကန့်သတ်မထားဘဲ ၎င်းတို့မှပေါ်ပေါက်လာသောနှင့် ၎င်းတို့ကို အကြောင်း ပြုသော တောင်းခံမှုများ၊ တောင်းဆိုမှုများ၊ အခွင့်အရေးများ၊ တရားစွဲဆိုရန် အကြောင်းတို့မှ MPT အား ကင်းလွတ်စေရန်နှင့် ရာသက်ပန် လွတ်ငြိမ်းစေရန် သဘောတူညီပါသည်။

၁၁.၄ သက်ဆိုင်ရာဥပဒေများမှ ခွင့်ပြုနိုင်သည့် အများဆုံးအတိုင်းအတာအလျောက် MPT သည် ရည်ရွယ်ချက်တစ်ခုအတွက် ကုန်သွယ်မှုနှင့် ရောင်းချနိုင်စွမ်း၏ တိုက်ရိုက်မဟုတ်သော အာမခံ ချက်များ အပါအဝင်ဖြစ်သော်လည်း ယင်းတို့ချည်းသာဟု ကန့်သတ်မထားသော အတိအလင်း ဖော်ပြထားသည့် သို့မဟုတ် တိုက်ရိုက်မဟုတ်သည့် အာမခံချက်များအားလုံးကို မသက်ဆိုင် ကြောင်း ငြင်းဆိုပါသည်။

၁၁.၅ ပရိုမိုးရှင်း တွင်ပါဝင်သော သို့မဟုတ် ပရိုမိုးရှင်းမှတဆင့်အခြားနည်းဖြင့် လူကြီးမင်း အသုံးပြု နိုင်ရန် ပြုလုပ်ထားသော သတင်းအချက်အလက်၊ အကြောင်းအရာ၊ အချက်အလက်များ၊ ထုတ်ကုန်များ (ဆော့ဖ်ဝဲအပါအဝင်) သို့မဟုတ် အခြားသောဝန်ဆောင်မှုများတွင် MPT ဆာဗာ များ သို့မဟုတ် MPTမှ ပို့သောအီးလက်ထရောက်နစ် ဆက်သွယ်မှုများသည် ဗိုင်းရပ်များ သို့မ ဟုတ် အခြားသော အန္တရာယ်ရှိသည့် အစိတ်အပိုင်းများမှ ကင်းလွတ်ပါသည်ဟု MPT က အာမခံခြင်း မပြုပါ။

၁၂ **Third Party Content**

ပရိုမိုးရှင်းတွင် တတိယပုဂ္ဂိုလ်များမှ ရရှိသော သို့မဟုတ် ၎င်းတို့က ပံ့ပိုးပေး ထားသော အကြောင်းအရာ ("**တတိယပုဂ္ဂိုလ်၏အကြောင်းအရာ**" ) တို့ပါဝင်နိုင်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တတိယ ပုဂ္ဂိုလ်၏ အကြောင်းအရာ သို့မဟုတ် တတိယပုဂ္ဂိုလ်၏အကြောင်း အရာနှင့်ဆက်စပ် သည့် ချိတ်ဆက်ထားသော ဝက်ဘ်ဆိုဒ်တစ်ခုခုအတွက် MPTတွင် တာဝန်ရှိမည်မဟုတ်ပါ။ တတိယ ပုဂ္ဂိုလ်များ၏ သတင်း အချက်အလက်၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ တစ်ခုခုအား ရည်ညွှန်းချက် သည် MPT က ထောက်ခံမှု၊ ကမကထပြုမှု သို့မဟုတ် အကြံပြုမှု မဟုတ်ပါ သို့မဟုတ် ထိုသို့သွယ်ဝိုက်ဆိုလိုခြင်း မဟုတ်ပါ။

**၁၃။ အထွေထွေ**

၁၃.၁ တတိယပုဂ္ဂိုလ်တစ်ဦးဦး၏ စည်းကမ်းသတ်မှတ်ချက်များသည် သက်ဆိုင်မှုရှိလျှင် ပရိုမိုးရှင်း အပေါ် သက်ရောက်မှုရှိပါမည်။

၁၃.၂ စည်းကမ်းချက်များသည် [http://mpt.com.mm/mm/about-home/terms-conditions-mm/](http://mpt.com.mm/mm/about-home/terms-conditions-mm/) တွင် ဖတ်ရှုနိုင်သည့် MPT ၏ အထွေထွေစည်းကမ်းသတ်မှတ်ချက်များ ("GTC") အရဖြစ် ရပါမည်။ ဤစည်းကမ်းချက်၏ စည်းကမ်းများနှင့် GTC အကြား ပဋိပက္ခတစ်စုံတစ်ရာ ဖြစ်ပေါ် ခဲ့ပါက ဤစည်း ကမ်းချက်များ၏ စည်းကမ်းများက လွှမ်းမိုးရမည်။

၁၃.၃ စည်းကမ်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ နှင့် တရားရုံး သို့မ ဟုတ် စီရင်ပိုင် ခွင့်ရှိသော အဖွဲ့တစ်ခုမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြား ချက် သို့မဟုတ် လမ်းညွှန်ချက် တစ်ခုခုအရဖြစ်ရပါမည်။

၁၃.၄ အကယ်၍ စည်းကမ်းချက်များ သို့မဟုတ် ၎င်းအကျုံးဝင်မှု၏ စည်းကမ်းများ ပဋိညာဉ်ပြုချက်၊ ပြဋ္ဌာန်းချက်တစ်ခုခုအား တရားရုံးတစ်ခုခု သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော အဖွဲ့တစ်ခုခု သို့မဟုတ် ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ်ရပ်မှ ဥပဒေနှင့် မကိုက်ညီခြင်း၊ တရားမဝင် ဖြစ်ခြင်း သို့မဟုတ် အာဏာမသက်ရောက်နိုင်ခြင်းအဖြစ်သတ်မှတ်ခဲ့ပါက စည်းကမ်းချက်များ၏ ကျန်ရှိသော အပိုင်း

သို့မဟုတ် အဆိုပါ စည်းကမ်းများ၊ ပဋိညာဉ်ပြုချက် သို့မဟုတ် ပြဋ္ဌာန်းချက် ၏ (တရားမဝင် ဖြစ်ကြောင်း သို့မဟုတ် အာဏာသက်ရောက်မှုမရှိကြောင်း သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များမှအပ) ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်မှုအပေါ် သက်ရောက်မှုမရှိစေရဘဲ စည်းကမ်း ချက်များ၏ ပြဋ္ဌာန်းချက် တစ်ရပ်စီသည် ဥပဒေအရခွင့်ပြုထားသော အများဆုံး အတိုင်းအတာ အထိ တရားဝင်ဖြစ်ပြီး အာဏာ သက်ရောက်မှု ဆက်လက်ရှိရမည်။